

# AUSCO

## ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့် အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း

## လေ့ကျင့်ခန်းစာအုပ် - Burmese



လွယ်ကူစွာ ဖတ်ရှုစရာ







Australian Government
Department of Social Services

ဩစတြေးလျားနိုင်ငံ လူမှုဝန်ဆောင်ရေးဌာန ၏
ကိုယ်စား အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ
အဖွဲ့အစည်း မှ ပို့ချပေးသည်။

IOM • OIM

# လှုပ်ရှား ဆောင်ရွက်မှုစာအုပ်အား အသုံးပြုနည်း




ဤသိကောင်းစရာအချက်အလက်များကို လွယ်ကူစွာ ဖတ်နိုင်အောင် ပြုစုထားပါသည်။ အချို့ အချက်များကို ရှင်းပြရာ၌ ရုပ်ပုံများကို အသုံး ပြုထားပါသည်။

IOM • OIM

Australian Government

Department of Social Services

ဤသိကောင်းစရာအချက်အလက်များကို အပြည်ပြည်ဆိုင်ရာ ပြောင်းရွှေ့နေထိုင်ရေးရာ အဖွဲ့အစည်း (International Organization for Migration - IOM) က ဩစတြေးလျား လူမှုရေး ဝန်ဆောင်မှုများဌာန (Australian Department of Social Services - DSS) ကိုယ်စား ပို့ချပေးခြင်း ဖြစ်သည်။



ဤစာတွဲပါ အချက်အလက်ကို ဖတ်ရှုနိုင်ရန် အတွက် သင် အကူအညီတောင်းခံနိုင်ပါသည်။ သင်၏ မိတ်ဆွေ၊ မိသားစုဝင် သို့မဟုတ် ကူညီစောင့်ရှောက်သူတစ်ဦးဦးက သင့်ကို အကူအညီ ပေးနိုင်ပါလိမ့်မည်။

# မာတိကာ


စတင်အသင့်ပြင်ခြင်း . . . . . . . . . . . . . . . . . . . . . . . . . 2

အခန်း 1 ဩစတြေးလျားနိုင်ငံ - ခြုံငုံသုံးသပ်ချက် . . . . . . . . . . . . . . 6

အခန်း 2 အခြေကျခြင်း . . . . . . . . . . . . . . . . . . . . . . . . .13

အခန်း 3 အိမ်ရာ . . . . . . . . . . . . . . . . . . . . . . . . . . . .17

အခန်း 4 ကျန်းမာရေး . . . . . . . . . . . . . . . . . . . . . . . . .22

အခန်း 5 ငွေကြေး . . . . . . . . . . . . . . . . . . . . . . . . . . .26

အခန်း 6 ပညာရေး . . . . . . . . . . . . . . . . . . . . . . . . . .33

အခန်း 7 အလုပ်အကိုင် . . . . . . . . . . . . . . . . . . . . . . . .39

အခန်း 8 တရားဥပဒေ . . . . . . . . . . . . . . . . . . . . . . . . .44



အခြေချခြင်းဖြင့် သက်ဆိုင်ရာ ဘဝဇာတ်လမ်းများ . . . . . . . . . . . . .48

အောင်မြင်မှု မှတ်တမ်း . . . . . . . . . . . . . . . . . . . . . . . . .51

# စတင်အသင့်ပြင်ခြင်း

ဩစတြေးလျားနိုင်ငံ ယဉ်ကျေးမှုနှင့်
အကျွမ်းဝင်ရေးဆိုင်ရာ အစီအစဉ် သင်တန်း
(Australian Cultural Orientation Program - AUSCO)
မှ လှိုက်လှဲစွာ ကြိုဆိုပါ၏။



AUSCO ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်။

- သင်၏ ဩစတြေးလျား ခရီးစဉ်အတွက် သိကောင်းစရာ အချက်အလက်ကိုပေးရန်



- သင်၏ ဩစတြေးလျားနိုင်ငံအကြောင်း မေးမြန်းချက်များကို ဖြေကြားရန် တို့ဖြစ်သည်



သင် ဘာသိလိုသည်ကို စပြီး ပြောကြည့်ကြပါစို့။

'မေးခွန်းများ'ဟူသော ခေါင်းစဉ်အောက်တွင်ရှိသည့် ဇယားတွင် သင်၏ မေးခွန်းများကို ရေးပါ။



AUSCO က သင့်အား သိကောင်းစရာ
အချက်အလက်များစွာကို ပေးလိမ့်မည်။

AUSCO အစီအစဉ် ဟောပြောသင်ကြားနေစဉ်
သင်၏ မေးခွန်းတစ်ခုခုနှင့် ပတ်သက်သည့်
ဖြေကြားချက်ကို ကြားသိနိုင်ဖွယ်ရှိမည်။



အားလုံးကို မှတ်မိရန် ခက်ခဲနိုင်ပါသည်။



'အဖြေများ' ဟူသော ခေါင်းစဉ်အောက်တွင်ရှိသည့်
ဗလာတွင် သင်၏ အဖြေများကို ရေးချပါ။

# ဩစတြေးလျားနှင့် ပတ်သက်သော သင်၏ မေးခွန်းများ

| မေးခွန်းများ | အဖြေများ |
|---|---|
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |
| | |



AUSCO သင်တန်းပြီးဆုံးသည့် အခါတွင်


- သင်၏ မေးခွန်းများကို ပြန်စစ် ကြည့်ပါ




- သင်လိုချင်သည့် အဖြေအားလုံး ရပြီလားကို စစ်ကြည့်ပါ



သင်ဩစတြေးလျားကို ရောက်သောအခါတွင် အချို့မေးခွန်းများကိုဖြေရန် ပိုပြီးလွယ်ကူပါလိမ့်မည်။




သင်သည် မိမိနှင့်အတူ AUSCO စာတွဲကို ဩစတြေးလျားသို့ ယူသွားသင့်သည်။

# အခန်း 1 ဩစတြေးလျားနိုင်ငံ - ခြုံငုံသုံးသပ်ချက်



ဩစတြေးလျားနိုင်ငံသည်


- အခွင့်အလမ်းများ နှင့်
- အတွေ့အကြုံသစ်များနှင့် ပြည့်နှက်နေသော နိုင်ငံတစ်ခုဖြစ်သည်




ဩစတြေးလျားသည် အလွန်ကြီးမားကျယ်ပြန့်သော နိုင်ငံဖြစ်ပြီး ကမ္ဘာပေါ်တွင် 6 ခုမြောက် အကြီးဆုံးနိုင်ငံဖြစ်သည်။



သို့ဖြစ်၍ ဩစတြေးလျား၏ အပိုင်းအခြားတစ်ခုစီ အကြား ကွာခြားမှုရှိစေသည်။



နိုင်ငံမြောက်ပိုင်းတွင် ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေမှာ အပူပိုင်းဒေသဖြစ်သည်။


နိုင်ငံတောင်ပိုင်းတွင် ရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေမှာ အတော်အတန် အေးမြနိုင်ပါသည်။




ဩစတြေးလျားနိုင်ငံသည်
ကြီးမားကျယ်ပြန့်သော်ငြားလည်း လူဦးရေမှာ
မထူထပ်ပါ – 23 သန်းခန့်သာ ရှိသည်။



လူအများစုသည် ကမ်းခြေမြို့များတွင် နေထိုင်
ကြပါသည်။



ကမ်းခြေနှင့် ဝေးသော ကုန်းတွင်းပိုင်း၌လည်း
မြို့ကြီး နှင့် မြို့ငယ်များရှိပါသည်။





ကင်ဘာရာ (Canberra) မြို့ သည်
ဩစတြေးလျား၏ မြို့တော်ဖြစ်သည်။



ဩစတြေးလျား၌ သင်၏ ဘဝသစ်တွင် အခြေချ
နေထိုင်သည်နှင့်အမျှ နိုင်ငံ၏နေရာဒေသ
အသီးသီးအကြောင်းကို သင် သိရှိ
နားလည်လာလိမ့်မည်ဖြစ်သည်။

သင်သည် မိမိနေထိုင်သော မြို့ သို့မဟုတ်
မြို့ကြီးကို စိတ်အဝင်စားဆုံးဖြစ်လိမ့်မည်။




## လုပ်ရန်ကိစ္စ

**ဩစတြေးလျားကို အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ကြည့်ခြင်း**



ဩစတြေးလျားတွင် ဆိုက်ရောက်ပြီးနောက် မည်သည့်နေရာ၌ သင့်အား အခြေချပေးလိမ့်မည်ကို ပြသရန် မြေပုံကို အသုံးပြုပါ။




ဩစတြေးလျနှင့် နှိုင်းယှဉ်လျှင် သင့်ဇာတိနိုင်ငံ၏အရွယ် မည်မျှရှိသနည်း။




သင့်ဇာတိနိုင်ငံအား ရှေ့စာမျက်နှာတွင်ရှိသော မြေပုံအပေါ်၌ ဆွဲပြနိုင်သလား။


Darwin
Northern Territory
Queensland
Western Australia
South Australia
Brisbane
New South Wales
Perth
Sydney
ACT
Adelaide
Canberra
Victoria
Melbourne
Tasmania
Hobart



အောက်ပါတို့၏ တူညီချက် သို့မဟုတ် ခြားနားချက်တို့ကို ဖော်ပြပါ။

- သင် ယခုနေထိုင်သောနေရာ သို့မဟုတ် ယခင်တုံးက နေခဲ့ဖူးသောနေရာ နှင့် သင် ပြောင်းရွှေ့မည့်နေရာ




- ရာသီဥတု နှင့် ပတ်ဝန်းကျင်အခြေအနေ



- လူဦးရေ - ထိုနေရာတွင် နေထိုင်ကြသူများ



- စက်မှုလက်မှုလုပ်ငန်းများ - လူများ ဘာလုပ်ကြ၍ ဘာလုပ်ငန်းများ လုပ်ကိုင်ကြသနည်း



- ရေမြေတောတောင်ရှုခင်း တို့ဖြစ်သည်



ဩစတြေးလျား ပြည်သူပြည်သားများသည် နိုင်ငံပေါင်းစုံမှ လာရောက်ခဲ့ကြပါသည်။

ဩစတြေးလျားနိုင်ငံသား ထက်ဝက်နီးပါးခန့်သည်

- ပင်လယ်ရပ်ခြားတွင် မွေးဖွားခဲ့ကြသည်
- ပြည်ပတွင် မွေးဖွားသော မိဘတစ်ပါးပါး ရှိကြသည်



သူတို့သည် မတူညီသော ဓလေ့ထုံးစံများကို ယူဆောင်လာခဲ့ကြသည်။




၎င်းတို့အနေနှင့် ဥပဒေကို မချိုးဖောက်သမျှကာလပတ်လုံး မိမိတို့၏ ဓလေ့ထုံးစံများကို လွတ်လပ်စွာ ကျင့်သုံးခွင့်ရှိကြသည်။



သင်သိရှိသော အမူအကျင့်များ၊ ဓလေ့ထုံးစံများ၊ အလေ့အထများနှင့် မည်သည့်ခြားနားချက်များကို တွေ့ရှိရသနည်း။

ဤခြားနားချက်များအပေါ် သင် ဘယ်လို သဘောရပါသလဲ။

# အခန်း 2 အခြေကျခြင်း




ဩစတြေးလျားတွင် လွယ်ကူစွာ အခြေချနေထိုင်နိုင်ရန် သင်လုပ်သင့်သည်တို့မှာ၊


- အလုပ်အကိုင် ရှာဖွေခြင်း
- အင်္ဂလိပ်ဘာသာစကားကို လေ့လာသင်ကြားခြင်းတို့ဖြစ်သည်




ယင်းကိစ္စဆောင်ရွက်ရန် အချိန်ယူကောင်း ယူရပါမည်။




သင်၏ ဘဝသစ်တွင် အလိုက်သင့် ကိုက်ညှိ၍ အခြေချနေထိုင်နိုင်ရန် အစိုးရထံမှ ကူညီထောက်ပံ့မှု ရယူနိုင်ပါသည်။




သင်သည် အောက်ပါလူများထံမှတဆင့် အစိုးရ၏ ဝန်ဆောင်မှုများကို ရယူရန် အကူအညီရရှိနိုင်သည်။

- အမှုတွဲလုပ်သား
- သင့်အား အဆိုပြုသူ

## လုပ်ရန်ကိစ္စ



အောက်ပါဇယားကို ပြည့်စုံအောင် ဖြည့်စွက်ပါ။

ဩစတြေးလျားရောက်သည့်အချိန်တွင် မည်သို့ကဲ့သော အထောက်အပံ့ကို ရနိုင်မည်ဟူသော သင်၏ ထင်မြင်တွေးဆချက်ကို ရေးပါ။

ယင်းအချက်အလက်များအား မည်သည့်နေရာက ရရှိသည်ကိုလည်း ရေးသားဖော်ပြပါ။



နောက်ဆုံးတွင် သင်၏ ရေးသားဖော်ပြချက်များကို ကျွန်ုပ်တို့အတူကြည့်ပြီး သင့်အနေနှင့် တစ်ခုခု ပြောင်းလဲရန် လို၊မလိုကို သုံးသပ်ကြည့်မည်။

| ဩစတြေးလျားရောက်လျှင် ကျွန်ုပ်အနေနှင့် ဤသို့သော အထောက်အပံ့ကိုရလိမ့်မည်ဟု ကျွန်ုပ်ထင်ပါသည် | ဤသတင်းကို ကျွန်ုပ်ဘယ်က ရသည် | ကျွန်ုပ် မှန်သလား |
|---|---|---|
| လေဆိပ်၌ | | |
| အိမ်ရာ | | |
| ငွေကြေး | | |
| ပညာရေး | | |
| ကျန်းမာရေး စောင့်ရှောက်မှု | | |
| အိမ်သုံးပစ္စည်းများ – ပရိဘောဂ | | |
| အကျိုးခံစားခွင့်များ – အစိုးရထံမှ ပေးငွေများ | | |
| အစားအစာ | | |
| အလုပ်အကိုင် – လုပ်ငန်းနှင့် လစာရသော အလုပ် | | |
| ကလေးထိန်း | | |

# လုပ်ရန်ကိစ္စ




ဝန်ဆောင်မှုကို ဝန်ဆောင်မှုပေးသူနှင့် သင်
တွဲဖက်ပေးနိုင်ပါသလား

အခြေချနေထိုင်နိုင်ရေးဆိုင်ရာ လက်ကမ်းစာစောင်သည်
ဤလုပ်ရှားဆောင်ရွက်မှုအတွက် သင့်အား
အထောက်အကူဖြစ်စေနိုင်ပါသည်။

| | |
|---|---|
| **Caseworker** | အောက်ပါတို့နှင့် ဆိုင်ရာပေးငွေများ<br>• ကလေးအား ကြည့် ရှုစောင့်ရှောက်ခြင်း<br>• စားဝတ်နေရေး အထောက်အပံ့ |
| **Centrelink** | အင်္ဂလိပ်ဘာသာစကား သင်တန်းများ |
| **Medicare** | ဘာသာစကားပေါင်းစုံဖြင့် စာအုပ်များ၊ သတင်းစာများနှင့် မဂ္ဂဇင်းများကို ငှားရမ်းနိုင်ပါသည် |
| **Adult Migrant EnglishProgram (AMEP)** | သင့်အား ကူညီဆောင်ရွက်ပေးသူက<br>• သင်အခြေချနေထိုင်ရေး<br>• ဝန်ဆောင်မှု အဖွဲ့အစည်းများအား ရှာဖွေရန် နှင့် အသုံးပြုရန်တို့တွင် ကူညီပေးမည် |
| **Translating and Interpreting Service (TIS National)** | ဆေးကုသစရိတ်များကို ကူညီထောက်ပံ့ပေးသည်။ |
| **Special Broadcasting Service (SBS)** | အချက်အလက်များကို ဘာသာပြန်ပေးသဖြင့် သင့်ဘာသာစကားနှင့် ကြားနိုင်ပါသည် |
| **Public library** | ဘာသာစကားပေါင်းများစွာဖြင့် ထုတ်လွှင့်သော ရေဒီယိုနှင့် ရုပ်မြင်သံကြားသတင်း |

# အခန်း 3 အိမ်ရာ



ဩစတြေးလျား၌ သင်နေထိုင်နိုင်သော အိမ်ရာပေါင်းမျိုးစုံ အမြောက်အမြားရှိပါသည်။



မြို့ကြီးများရှိ အိမ်ရာများသည်

- ဆင်ခြေဖုံးရှိအိမ်များ



- ဒေသန္တရမြို့များရှိ နေအိမ်များနှင့် ကွဲပြားခြားနားပါသည်။




ဩစတြေးလျားနေအိမ်များသည် သင်နေထိုင်ခဲ့ဖူးသော အိမ်များနှင့် ကွာခြားနိုင်ဖွယ်ရှိမည်။



ဩစတြေးလျားနိုင်ငံတွင် အိမ်ငှားရန် သို့မဟုတ် ဝယ်ရန် အလွန်စျေးကြီးသည်။





ဩစတြေးလျားကို ရောက်လာခါစ သင် အိမ်ငှားရန်လိုအပ်ပါလိမ့်မည်။



## လုပ်ရန်ကိစ္စ




သင်ယခုနေထိုင်နေသည့်နေရာ နှင့်
ဩစတြေးလျား၌ သင်နေနိုင်ဖွယ်ရှိမည့်နေရာတို့ကို
နှိုင်းယှဉ်ကြည့်ပါ။




ဩစတြေးလျား ရောက်သည့်အခါကျမှ တတိယ
ဇယားတိုင်ကို ဖြည့်ပါ။

<table>
<tr><th>ယခု</th><th>ယခု</th><th>2 လ ကြာပြီးနောက်</th></tr>
<tr><td>ယခု သင်နေထိုင်သည့် နေရာအတွက် ဘယ်လောက်ပေးရသလဲ။</td><td>ဩစတြေးလျားတွင် နေထိုင်လျှင် သင်မည်မျှ ပေးရန်လိုအပ်မည်ဟု ထင်သလဲ။</td><td>သင် ဘယ်လောက်ပေးရ ပါသလဲ</td></tr>
<tr><td></td><td></td><td></td></tr>
<tr><td>ယခု သင်နေထိုင်သည့် နေရာတွင် အခန်း မည်မျှရှိသလဲ။</td><td>ဩစတြေးလျားတွင် သင်နေထိုင်သည့်အခါတွင် အခန်းမည်မျှရှိမည်ဟု သင်ထင်သလဲ။</td><td>သင့်မှာ အခန်းပေါင်း ဘယ်နှစ်ခုရှိပါသလဲ</td></tr>
<tr><td></td><td></td><td></td></tr>
<tr><td>သင်ယခုနေသော နေရာတွင် မည်သို့သော အသုံးဆောင်ပစ္စည်းများ ရှိသလဲ။</td><td>ဩစတြေးလျား၌ သင်နေထိုင်မည့်နေရာတွင် မည်သည့် အသုံးဆောင်ပစ္စည်းများ ရှိမည်ဟု ထင်သလဲ။</td><td>သင့်မှာ ဘာ အသုံးအဆောင်ပစ္စည်းများ ရှိပါသလဲ</td></tr>
<tr><td></td><td></td><td></td></tr>
<tr><td colspan="2">ဩစတြေးလျားတွင် သင့်နေအိမ်သည် သင်ယခုနေသော အိမ်ထက် ပိုကောင်းမလား၊ အတူတူဖြစ်မလား၊ ပို၍ဆိုးမလား။ မည်သည့်ပုံစံမျိုးများအရဖြစ်မလဲ။</td><td>ဩစတြေးလျားရှိ သင့်နေအိမ်သည် မျှော်လင့်ထားသည်ထက် ပိုကောင်းသလား။</td></tr>
<tr><td colspan="2"></td><td></td></tr>
</table>



## လုပ်ရန်ကိစ္စ



သင်တတ်သိထားရန် အရေးကြီးသော
စကားလုံးတစ်ချို့ရှိသည်။





သင်အိမ်ငှားသည့်အခါ ထိုစကားလုံးများက
သင့်ကို အထောက်အကူပြုလိမ့်မည်။




ထိုစကားလုံးများကို သင်၏ ဘာသာစကားသို့
ပြန်ဆိုပါ။ သို့အားဖြင့် သင်ဩစတြေးလျားသို့
ရောက်သည့်အခါ သင်ပြန်ကြည့်နိုင်မည့် အသုံးဝင်
စကားလုံးစာရင်း လက်ကိုင်ရှိနေမည်။



ဤကိစ္စအတွက် အိမ်ရာနှင့်ဆိုင်သော လက်ကမ်း
စာစောင်က သင့်ကို အထောက်အကူပြုလိမ့်မည်။

| အင်္ဂလိပ်ဘာသာစကား | မြန်မာ |
|---|---|
| Lease | |
| Landlord | |
| Tenant | |
| Real estate agent | |
| Bond | |
| Utilities | |
| Condition report | |
| Inspection | |
| Accommodation | |
| Rent | |

# အခန်း 4 ကျန်းမာရေး




ဩစတြေးလျား၌ မယ်ဒီကဲဟုခေါ်သော ကောင်းမွန်သည့်
ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်ရေးစနစ်ရှိသည်




သင် အကျွမ်းဝင်နေကျစနစ်နှင့်မတူ
ခြားနားနေနိုင်ဖွယ်ရှိမည်



ဤကျန်းမာရေး စနစ်အရ သင့်အား

- အခမဲ့ ကုသပေးသည်



- ကုန်စရိတ် တစ်စိတ်တစ်ဒေသကို အစိုးရက ကျခံပေးသည်



သင်သည်

- သွားရောဂါကု ဆရာဝန်များ



- မျက်မှန်များကဲ့သို့သော
အချို့ဝန်ဆောင်မှုများအတွက်မူ ကျသင့်ငွေ
ပေးရပါသည်



ဆေးကုသမှု အများစုအတွက် သင်သည် ဆရာဝန်ကို ပြသရပါသည်။

ဩစတြေးလျားနိုင်ငံတွင် ဆရာဝန်များကို အထွေထွေရောဂါကုသသည့် ဆရာဝန် (General Practitioners - GPs) များ ဟု ခေါ်ပါသည်။



သင်၏ ကျန်းမာရေးအခြေအနေသည် အထူး ကုသရန် လိုအပ်လျှင် ဆရာဝန်က သင့်အား အထူးကုတစ်ဦးဦးထံသို့ စေလွှတ်ပြသစေပါမည်။




နောက်စာမျက်နှာတွင် သင်ဆရာဝန်နှင့် တွေ့သည့်အခါ မည်သို့မည်ပုံ ဖြစ်နိုင်သည်ကို ပြသထားသည့် အဆင့်ပြဇယားကို တွေ့ရှိရပါမည်။




ပြထားသည့် အချက်များအတိုင်း အဆင့်ဆင့် လိုက်နာဆောင်ရွက်ပါ။

ဆရာဝန်တစ်ဦးအား ပြသရာတွင် ယခင်က သင်၏ အတွေ့အကြုံနှင့် မည်မျှ ကွာခြားသည်ကို ကြိုးစားယှဉ်ကြည့်ပါ။



ပထမအဆင့်အနေဖြင့် သင်ဆရာဝန်ကို ပြသရမည့်အခိုက်မှာ

- သင်နာမကျန်းဖြစ်သည့်အခါ
- ကျန်းမာရေး ချို့ယွင်းသည့်အခါတို့ဖြစ်သည်

1။ ဆရာဝန်အား မည်သည့်နေ့ နှင့် အချိန် တွင် တွေ့နိုင်မည်ကို ချိန်းဆိုသိရှိရန် ဆက်သွယ်ပါ။

↓

2။ ဆရာဝန်က ကူညီပေးနိုင်သည်တို့မှာ

- သင့်ပြဿနာကို ဖြေရှင်းပေးခြင်း
- သင့်မေးခွန်းများ သို့မဟုတ် သောကကို ဖြေရှင်းပေးခြင်း
- သင့်အတွက် ဆေးအညွှန်း ရေးပေးကောင်း ရေးပေးခြင်းတို့ဖြစ်သည်

↓

3။ ဆေးညွှန်းစာကို ဆေးရောင်းဆိုင်သို့ ယူသွားပါ။

ဆေးရောင်းသူက သင့် ဆေးကို အသင့်ပြင်ပေးသည်အထိ သင်စောင့်ယူရဖွယ်ရှိမည်။

၎င်းမှာ 15 -မိနစ်ခန့်အထိ ကြာနိုင်ပါသည်။

4။ ဆေးသောက်နည်း အညွှန်းကို

- ဗူးအပေါ်တွင်
- ပုလင်းအပေါ်တွင် ရိုက်နှိပ်ဖော်ပြထားလိမ့်မည်

↓

5။ အကယ်၍ ဆရာဝန်က သင့်ကျန်းမာရေးပြဿနာ နှင့်ပတ်သက်၍ အသေးစိတ်ကိုသိလိုလျှင် သင့်အား စမ်းသပ်ချက် တစ်ချို့ကို ပြုလုပ်ခိုင်းပါမည်။

ဆရာဝန်က

- ရည်ညွှန်းပေးစာကိုရေးပြီး သင့်အား ဆေးတိုက် တစ်ခုခုတွင် စမ်းသပ် စစ်ဆေးခိုင်းပါမည်။

↓

6။ ရည်ညွှန်းပေးစာကို ယူပြီး ဆေးတိုက်တွင် ပြသ၍ စစ်ဆေးမှု ပြုလုပ်ပါ။

ဆေးတိုက်က တွေ့ရှိသောအဖြေကို ဆရာဝန်ထံ ပို့ပေးလိမ့်မည်။

7။ သင်သည် ဆရာအား ထပ်မံပြသရန် လိုကောင်း လိုပါလိမ့်မည်။

၎င်းမှာ သင့်အား စမ်းသပ်တွေ့ရှိချက်အပေါ် မူတည်ပါသည်။

↓

8။ ဆရာဝန်က သင့်ဝေဒနာကို တိတိကျကျ မကုသပေးနိုင်လျှင် အထူးကု ဆရာဝန်တစ်ဦးဦးထံသို့ စေလွှတ်နိုင်ဖွယ်ရှိမည်။

ထိုအခါ အကျိုးအကြောင်း ဖော်ပြသည့် ရည်ညွှန်းပေးစာကို သင့်အား ရေးပေးလိမ့်မည်။

↓

9။ အထူးကုဆရာဝန်အား ဆက်သွယ်ပြီး ၎င်းထံမှ ရက်ချိန်းယူပါ။

ဆရာဝန်၏ ရည်ညွှန်းပေးစာကို သင်နှင့်အတူ ယူသွားပါ။

# လုပ်ရန်ကိစ္စ

ဤအဓိက ကျန်းမာရေးအသုံးအနှုန်းများကို သင်၏ ဘာသာစကားဖြင့် ရေးပါ။

ဤသို့ လုပ်ဆောင်ရာတွင် ကျန်းမာရေးနှင့် အန္တရာယ်ကင်းစွာ နေထိုင်ရေး ဟူသော လက်ကမ်းစာစောင်များက သင့်ကို အထောက်အကူပြုနိုင်သည်။

| အင်္ဂလိပ်ဘာသာစကား | မြန်မာ |
|---|---|
| doctor | |
| the health care system | |
| specialist | |
| chemist | |
| prescription | |
| hospital | |
| emergency | |
| dentist | |
| appointment | |
| medicine | |

# အခန်း 5 ငွေကြေး




ဩစတြေးလျားသို့ သင် ပထမဦးဆုံးအကြိမ် ရောက်သည့်အခါ သင်သည်

- ဘဏ်စာရင်း ဖွင့်ရန်




- ထောက်ပံ့ကြေးငွေ ရရှိရန်အတွက် စင်တာလင့်ခ်၌ မှတ်ပုံတင်ရန်တို့ လိုအပ်သည်




ထို့နောက် သင်သည် အောက်ပါတို့ကို လေ့လာ သိရှိနိုင်ပါသည်။

- ငွေစက္ကူ - ဩစတြေးလျားတွင် အသုံးပြုသော ငွေမှာ ဒေါ်လာ နှင့် ဆင့် ဖြစ်သည်။




- ရငွေ၊ သုံးငွေအား တွက်ချက်လျာထားမှု - မိမိငွေကို မိမိဘာသာ ထိန်းချုပ်သုံးစွဲရပါသည်။



## လုပ်ရန်ကိစ္စ




အောက်ပါ အင်္ဂလိပ်ဝေါဟာရအချို့ကို လေ့လာပါ။

- ဘဏ်လုပ်ငန်း



- ဩစတြေးလျားနိုင်ငံတွင် အသုံးပြုငွေ



အသုံးများသော ဘဏ်နှင့် ပတ်သက်သည့်
ဤအသုံးအနှုန်းများကို အင်္ဂလိပ်စကားလုံးဖြင့် ရေးပါ။



ဤကိစ္စတွင် ငွေကြေးဆိုင်ရာ လက်ကမ်း စာစောင်က
သင့်ကို အထောက်အကူပြုနိုင်ပါသည်။

| | မြန်မာ |
|---|---|
| ဤငွေစာရင်း ထားရှိမှုသည် သင့်ငွေအား<br>• အခိုးခံရခြင်းမှလည်းကောင်း<br>• မပျောက်ဆုံးရန်လည်းကောင်း ကာကွယ်ပေးသည် | |
| သင့်ဘဏ်ကတ်ပြားကို အောက်ပါနေရာများ၌ အသုံးပြုရန် စကားဝှက်<br>• အလိုအလျောက် ငွေထုတ်ငွေသွင်းစက်များ (Automatic Teller Machines - ATMs)<br>• ငွေလွှဲစက် (EFTPOS)<br>ဤစကားဝှက်ကို သူတစ်ပါး မသိရှိအောင် လုံခြုံစွာ ထားရှိရန် လိုအပ်သည်။ | |
| မိမိက ချေးငွေဖြင့် ကုန်ပစ္စည်း နှင့် ဝန်ဆောင်မှုများအတွက် ငွေပေးချေခွင့်ရှိသော ကတ်ပြားဖြစ်သည်။ | |
| သင်၏ ဘဏ်စာရင်းမှ ငွေထုတ်ယူနိုင်ခွင့်ရှိသော စက်ဖြစ်သည်။<br>သင်၏ ကိုယ်ပိုင်သင်္ကေတအမှတ် (Personal Identification Number - PIN) ကို အသုံးပြုရန် လိုအပ်သည်။ | |
| သင့်ဘဏ်စာရင်းတွင်ရှိသော ငွေဖြင့် ဆိုင်အများစု၌ ကုန်ပစ္စည်းများ ဝယ်ယူခွင့်ပေးသည်။<br>ငွေသားအစား ဘဏ်ကတ်ကို သင် အသုံးပြုသည်။ | |

# ဩစတြေးလျား တိုင်းပြည်သုံးငွေ




ဩစတြေးလျား ငွေစက္ကူ $5 ဒေါ်လာ တန် ၏
ရှေ့မျက်နှာစာတွင် မည်သူ့ ပုံရိပ်ပါသလဲ။




ဩစတြေးလျား ငွေအကြွေ $1 ဒေါ်လာ တန် အပေါ်၌
ပါရှိသော တိရစ္ဆာန်များ၏ အမည်များကို ဖော်ပြပါ။




သင်၏ အမှုတွဲလုပ်သား သို့မဟုတ် သင့်အား
အဆိုပြုသူက သင်ဩစတြေးလျားတွင်
အခြေကျရေးအတွက် ကူညီဆောင်ရွက်ပေးလိမ့်မည်။



သင်၏ ငွေကို မည်ကဲ့သို့ ကိုင်တွယ်ထိန်းသိမ်း
သုံးစွဲရမည်ကို သင် စဉ်းစားအဖြေရှာထားရန်
လိုအပ်သည်။



ဩစတြေးလျားတွင် နေထိုင်စားသောက်စရိတ်က
ကြီးမြင့်နိုင်ပါသည်။





ရငွေ၊ သုံးငွေကို တွက်ချက်လျာထားပြီး ၎င်း၏ဘောင်အတွင်း နေထိုင်ခြင်းက သင့်အား အောက်ပါတို့တွင် အထောက်အကူပြုပါသည်။

- သင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး
- သင့် ပန်းတိုင်များသို့ လှမ်းရောက်စေသည်။




သင် ဩစတြေးလျားတွင် ပထမ စရောက်လာသည့်အခါ၌ သင် ဘာကို ဝယ်ခြမ်းလိုမည်ဟု ထင်ပါသလဲ။



## လုပ်ရန်ကိစ္စ

**ရငွေ၊ သုံးငွေကို တွက်ချက် လျာထားခြင်း**

ရငွေ၊ သုံးငွေကို တွက်ချက် လျာထားရေးအား စဉ်းစားနိုင်ရာ နည်းလမ်းတစ်ခုရှိပါသည်။



အပိုင်းကဏ္ဍတစ်ခုစီ၌ အကြောင်းအချက်အနည်းငယ်ကို စာရင်းလုပ်ပါ။




2 လအတွင်း အခြေအနေ ပြောင်းလဲကောင်း ပြောင်းလဲသွား နိုင်ပါသည်။



သင်၏ နေအိမ်သစ်တွင် အခြေချမိသည်နှင့် တစ်ပြိုင်နက် ထပ်မံကြိုးစားပါ။

| ယခု | ၂ လ ကြာပြီးနောက် |
|---|---|
| **မပြောင်းလဲသော အသုံးစရိတ်များ** – သင် ပေးချေရန် လိုအပ်သည့် အရာများ။<br><br>၎င်းတို့ကို မဖြစ်မနေ ပေးရမည်ဖြစ်သည်။ သို့မှသာ သင်သည် သင့်မိသားစုအတွက် ပြဿနာတက်စေလိမ့်မည်မဟုတ်ပေ။ | |
| **ပြောင်းလဲသော အသုံးစရိတ်များ** – ငွေသုံးရန်၊ မသုံးရန် ရွေးချယ်နိုင်သည့်အရာများ။<br><br>သင်သည် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လိုအပ်သော်လည်း သင်သည် အောက်ပါတို့ကို ကြည့်၍ ဆုံးဖြတ်နိုင်သည်<br>• သင်ဝယ်လိုသည့် အတိုင်းအတာ<br>• ဝန်ဆောင်မှုကို မည်မျှ အသုံးပြုခြင်းတို့ဖြစ်သည် | |
| **အပိုအသုံးစရိတ်များ** – မိမိစိတ်ကြိုက်ရွေး၍ လွပ်လပ်စွာ ဝယ်နိုင်သည့်ပစ္စည်းများဖြစ်သည်။<br><br>သင်လိုချင်ကောင်း လိုချင်လိမ့်မည် သို့သော် ယင်းပစ္စည်းများကို ဝယ်ရန် မလိုအပ်ပေ။ | |

# အခန်း 6 ပညာရေး



ဩစတြေးလျားသို့ ပြောင်းရွှေ့ရန် ကြံစည်သည်နှင့်အမျှ သင်သည် အောက်ပါတို့အကြောင်းကို တွေးဆကောင်းတွေးဆမည်

- ဩစတြေးလျား၌ သင် နေထိုင်မည့် ဘဝပုံစံ



- သင့်ထံ၌ ရှိနိုင်ဖွယ်ရှိမည့် အလုပ်အကိုင်အမျိုးအစား



- မြို့သစ်ရွာသစ်တွင် သင့်မိသားစု မည်သို့ အခြေချ နေထိုင်မလဲတို့ဖြစ်သည်။




သင် မည်မျှအထိ အဆင်ပြေပြေ နေထိုင်နိုင်မည် ဆိုသည်မှာ သင့်အနေနှင့် အောက်ပါတို့ကို မည်မျှကြိုးပမ်းသည့်အပေါ် မူတည်သည်

- အင်္ဂလိပ်ဘာသာစကားကို လေ့လာသင်ယူခြင်း



- အကြောင်းအရာသစ်များကို လေ့လာနိုင်သော အခွင့်အရေးများအား ရလျှင်ရသလို ယူခြင်း


# လုပ်ရန်ကိစ္စ




ကျောင်းပညာရေးဆိုင်ရာ လက်ကမ်းစာစောင်သည် ဤကိစ္စတွင် သင့်အား အထောက်အကူပြုနိုင်ပါသည်။


## ဩစတြေးလျား စာသင်ကျောင်း

| အဆင့် | အသက် (ခန့်မှန်းခြေ) | အတန်း |
|---|---|---|
| မူကြိုကျောင်း | 3–5 | |
| သူငယ်တန်း | 5–6 | |
| မူလတန်း ကျောင်း | 6–12 | 1–6 |
| အထက်တန်းကျောင်း/အလယ်တန်းကျောင်း | 12–18 | 7–12 |





အချို့ပြည်နယ်များ၏ မူလတန်းကျောင်းသည် 7 တန်းနှစ်တွင် အဆုံးသတ်ပြီး၊ အထက်တန်းကျောင်းသည် 8 တန်းနှစ်တွင် စတင်ပါသည်။

နောက်ထပ်အချက်အလက်များအတွက် သင့်အား အဆိုပြုသူ သို့မဟုတ် သင့်အမှုတွဲလုပ်သားအား မေးမြန်းပါ။




ဩစတြေးလျားရှိ ကျောင်း၏ တူညီချက် သို့မဟုတ် ခြားနားချက်တို့ကို အောက်ပါတို့နှင့်ယှဉ်၍ ရေးသားဖော်ပြပါ

- သင် ယခုနေထိုင်နေသောနေရာ
- သင် ယခင်တုံးက နေထိုင်ခဲ့ဘူးသောနေရာ တို့ဖြစ်သည်




ကလေးများအတွက် အစိုးရ ပညာရေးစနစ်မှာ အခမဲ့ဖြစ်သည်




4 နှစ်အရွယ် ကလေးများအတွက် မူကြိုကျောင်း



အသက် 5 နှစ်နှင့် 17 နှစ်အတွင်းရှိ ကလေးများ ကျောင်းမတက်မနေရဟူသော ဥပဒေပြဋ္ဌာန်းချက် ရှိပါသည်။




မိန်းကလေးများနှင့် ယောကျ်ားလေးများ ကျောင်းကို အတူတူရောတက်ကြသည်။



မိဘများသည်

- ကျောင်းအခမ်းအနားများတွင်လည်းကောင်း
- မိမိတို့ ကလေးများ၏ ပညာရေးကိစ္စတွင်လည်းကောင်း ပါဝင်ဆောင်ရွက်ပေးကြသည်။



ဩစတြေးလျား၌ တစ်ခုနှင့်တစ်ခုအကြား နီးစပ်သော အချိတ်အဆက်ရှိသည်တို့မှာ

- ပညာရေး နှင့်
- အလုပ်အကိုင် အခွင့်အလမ်း - လုပ်ငန်းနှင့် လစာရသော အလုပ် တို့ဖြစ်သည်



ဩစတြေးလျားတွင် နေထိုင်ရန် သင် အသင့်ပြင်နေသည်နှင့်အမျှ သင်၏ ပညာရေး လိုအပ်ချက်များကို ဖြည့်ဆည်းရေးအတွက် စီစဉ်ဆောင်ရွက်ထားရန် လိုအပ်ပါသည်။

## လုပ်ရန်ကိစ္စ

**အနာဂတ်တွင် လေ့လာသင်ကြားရေးနှင့် အလုပ်လုပ်ကိုင်ရေးအတွက် ကြိုတင်စီစဉ်ခြင်း**

ယင်းကိစ္စနှင့် ပတ်သက်၍ သက်ကြီးပညာရေးဆိုင်ရာ လက်ကမ်းစာစောင်က သင့်အား အထောက်အကူပြုနိုင်ပါသည်။

ဤဝန်ဆောင်မှုများသည် သင့်အတွက် မည်မျှ အရေးပါကြောင်းကို သက်ဆိုင်ရာ ဇယားတိုင်တွင် အမှတ်အသားခြစ်ပြပါ။

| ဝန်ဆောင်မှု | အလွန် အရေးကြီးပါသည် | အနည်းငယ် အရေးကြီးပါသည် | သိပ်အရေး မကြီးပါ |
|---|---|---|---|
| AMEP သင်တန်းကို တက်ရောက်ခြင်း | | | |
| စက်မှုလက်မှုအတတ်ပညာ နှင့် ရှေ့ဆက်ပညာသင်ကြားရေး (Technical and Further Education - TAFE) ကောလိပ်၌ အထက်တန်းကျောင်း အောင်လက်မှတ်ကို ရယူခြင်း | | | |
| စက်မှုလက်မှုအတတ်ပညာ နှင့် ရှေ့ဆက်ပညာသင်ကြားရေးဌာန၌ လက်မှုပညာ သို့မဟုတ် ကျွမ်းကျင်မှုများသင်တန်းကို ပြီးဆုံးအောင် တက်ရောက်ခြင်း | | | |
| ဘွဲ့ကြိုသင်တန်း၌ အမည်စာရင်းပေးခြင်း | | | |
| ဘွဲ့လွန်သင်တန်း၌ အမည်စာရင်းပေးခြင်း | | | |
| လူမှုအဖွဲ့အစည်း ပညာရေးသင်တန်းကို တက်ရောက်ခြင်း | | | |




သင့် အမှုတွဲလုပ်သား သို့မဟုတ် သင့်အား အဆိုပြုသူက သက်ကြီးပညာရေးဆိုင်ရာ ဝန်ဆောင်မှုကို ရှာပေးပြီး ပညာသင်ကြားနိုင်ရန် ကူညီဆောင်ရွက်ပေးပါလိမ့်မည်။

- ယင်းကိစ္စအား အထောက်အကူဖြစ်စေရန် သင်ဘာစီမံချက်များ ချမှတ်နိုင်သလဲ
- သင်နှင့်အတူ ဘာစာရွက်စာတမ်းများကို ယူသွားရန် လိုအပ်သလဲ။



သင်ဩစတြေးလျား ရောက်သည့်အခါ၌ ပညာရေးနှင့် ပတ်သက်၍ အဖြေရှာလိုသည့် မည်ကဲ့သို့သော မေးခွန်းများ ရှိသလဲ။

# အခန်း 7 အလုပ်အကိုင်



ဩစတြေးလျား၌ လူအမြောက်အမြားသည်
အလုပ်တစ်ခုတည်းကိုပင်ရရန် ကြိုးစားကြသည်။




အလုပ်များကို သင့်မြတ်သော

- ကျွမ်းကျင်မှုများ
- အရည်အချင်းရှိကြသူများအား အလုပ်ခန့်ပါသည်




သင်အင်္ဂလိပ်စကားကို မည်မျှကောင်းစွာ
ပြောတတ်ခြင်းသည် အလွန်အရေးကြီးနိုင်သည်။



လူများစွာသည် အလုပ်ကျွမ်းကျင်ကြသော်လည်း
အောက်ပါတို့ကို မလုပ်နိုင်သေးသမျှ ကျွမ်းကျင်မှု
ကင်းမဲ့သောအလုပ်များကို လုပ်ကိုင်ရနိုင်ဖွယ်ရှိပေမည်

- အင်္ဂလိပ်ဘာသာစကားကို လေ့လာသင်ယူခြင်း
- သူတို့၏ အရည်အချင်းများကို
  အသိအမှတ်ပြုခံခြင်း သို့မဟုတ် အဆင့်မြှင့်ခြင်း
  တို့ဖြစ်သည်




သတိပြုရန်မှာ

- ဤကိစ္စများအတွက် အချိန်လိုသည်




- လူများအား အောက်ပါတို့ကို ပံ့ပိုးကူညီပေးသော
  အဖွဲ့အစည်းများရှိသည်
  - o အင်္ဂလိပ်ဘာသာစကားကို လေ့လာသင်ယူရန်
  - o အလုပ်ရှာပေးရန် သို့မဟုတ် သင်တန်းများပို့
    ချပေးရန်တို့ဖြစ်သည်



# လုပ်ရန်ကိစ္စ



အလုပ်အကိုင်ဆိုင်ရာ လက်ကမ်းစာစောင်က သင့်အား ဤလှုပ်ရှားဆောင်ရွက်မှုတွင် အထောက်အကူပြုနိုင်ပါသည်။

မှန်ကန်သည် မမှန်ကန်ပါ

ဖော်ပြချက်ကို ဖတ်ပြီး ၄င်းမှာ မှန်ကန်သည်၊ မမှန်ကန်ပါ ဟု သတ်မှတ်ဖော်ပြပါ။

| ပြောဆိုချက် | မှန်ကန်သည် | မမှန်ကန်ပါ |
|---|---|---|
| 1. အလုပ်ရှာတွေ့ရန် ကျွန်ုပ်အား ဂျော့ဘ်-အက်က်-တစ်ဗ် (jobactive) မှ ကူညီနိုင်သည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 2. ကျွန်ုပ် ဩစတြေးလျားရောက်သည့်အခါ၌ ဝင်ငွေ အထောက်အပံ့ ရရှိလိမ့်မည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 3. ကျွန်ုပ်၏ အမှုတွဲလုပ်သားသည် ကျွန်ုပ်အား မဖြစ်မနေ အလုပ်ရှာပေးရမည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 4. အလုပ်အကိုင်ရရန် အင်္ဂလိပ်စကား ကျွမ်းကျင်မှုမှာ အရေးကြီးသည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 5. စိတ်စေတနာဖြင့် အလုပ်လုပ်ကြသူများ လုပ်ခရကြသည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 6. သင် ဩစတြေးလျားတွင် အခွန်ငွေပေးရန် မလိုအပ်ပါ | မှန်ကန်သည် | မမှန်ကန်ပါ |
| 7. အလုပ်ခွင်တွင် အမျိုးသား နှင့် အမျိုးသမီးများအား တန်းတူညီမျှ ဆက်ဆံသည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 8. သင် အလုပ်ရသည်နှင့်တပြိုင်နက် စင်တာလင့်ခ် အား မလုပ်မဖြစ် အကြောင်းကြားရမည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 9. အလုပ်သို့ အချိန်မီရောက်ရခြင်းမှာ အရေးကြီးသည် | မှန်ကန်သည် | မမှန်ကန်ပါ |
| 10. ကလေးငယ်များ ကျောင်းမတက်ဘဲ ၄င်းအစား အလုပ်လုပ်နိုင်သည် | မှန်ကန်သည် | မမှန်ကန်ပါ |

## လုပ်ရန်ကိစ္စ

**အင်္ဂလိပ်စကားလုံး အချို့ကို သင်ယူပါ**

ဩစတြေးလျားနိုင်ငံတွင် အလုပ်အကိုင်နှင့်ပတ်သက်၍ သင်သိရှိရန် လိုအပ်သည်များကို သင်နားလည်ရေးတွင် အထောက်အကူပြုရန် ဤစကားလုံးများအား သင်လေ့လာတတ်မြောက်ထားသင့်သည်။

ဤစကားလုံးများကို သင့်ဘာသာစကားဖြင့် ပြန်ဆိုရေးထားခြင်းအားဖြင့် သင် ဩစတြေးလျားတွင် ရောက်လာသည့်အခါ၌ သင့်အတွက် မှီငြမ်းစာရင်းတစ်ခု ရှိနေပါလိမ့်မည်။

| **အင်္ဂလိပ်ဘာသာစကား** | **မြန်မာ** |
|---|---|
| Tax File Number | |
| Bank account | |
| Work experience | |
| Interview | |
| Reference | |
| Qualifications | |
| Volunteer | |

## လုပ်ရန်ကိစ္စ
## သြစတြေးလျားတွင် အလုပ်ရရန် ကြိုတင်စီစဉ်ခြင်း



သြစတြေးလျားတွင် သင် မည်သည့်အလုပ်အကိုင် ပုံစံမျိုး လုပ်လိုသလဲ




ဤအလုပ်ရနိုင်ဖို့ စီမံချက် ရေးဆွဲပါ။

အောက်ပါ၌ ရှိသည်-မရှိပါ ဇယားကွက်တွင်
သက်ဆိုင်မှုရှိရာကို အမှတ်အသားခြစ်ပြပါ။

| ကျွန်ုပ်မှာ ဤအချက်အလက်များနှင့် ပြည့်စုံမှုရှိသလား | ရှိသည် | မရှိပါ |
|---|---|---|
| အင်္ဂလိပ် ဘာသာစကား ကျွမ်းကျင်မှု | | |
| ဤအလုပ်အကိုင်မျိုးအတွက် အရည်အချင်းများ | | |
| ဤအလုပ်မျိုးကိုလုပ်ရန် အတွေ့အကြုံ သို့မဟုတ် ကျွမ်းကျင်မှုများ | | |
| မိမိအား ထောက်ခံပေးမည့်သူများ | | |
| ကိုယ်ရေးအကျဉ်း | | |
| လူတွေ့မေးမြန်းခြင်းဆိုင်ရာ ကျွမ်းကျင်မှုများ | | |
| စိန်ခေါ်မှုများနှင့် ဆုတ်ဆိုင်းမှုများကို ရင်ဆိုင်လက်ခံနိုင်သည့် အရည်အချင်း | | |
| ဤအလုပ်ကို မည်ကဲ့သို့ရရှိနိုင်ရန် သိကောင်းစရာအချက်အလက် | | |

သြစတြေးလျား၌ရှိသည့်အခါတွင် သင်ပိုမိုသိရှိလိုသည့်
အကြောင်းအရာကို မှတ်စုရေးပါ။

# အခန်း 8 တရားဥပဒေ



သင်၏ ယုံကြည်ချက်များနှင့် ယဉ်ကျေးမှုသည် သင်၏ လောကကြီးအပေါ် ရှုမြင်သုံးသပ်ပုံ နှင့် အပြန်အလှန်ကြောင်းကျိုးပြုပုံတို့အပေါ် အကျိုးသက်ရောက်မှုရှိသည်။



ဩစတြေးလျားတွင် သင် အခြေကျလာသည်နှင့်အမျှ သင်သည် နေထိုင်မှု ပုံစံမျိုးစုံ နှင့် ယုံကြည်မှု ပုံစံမျိုးစုံ၊ ကိုးကွယ်မှု ပုံစံမျိုးစုံကို ရင်ဆိုင်တွေ့ကြုံရလိမ့်မည်ဖြစ်သည်။



၎င်းသည် သင့်အတွက် စိန်ခေါ်မှုဖြစ်နိုင်သည် အထူးသဖြင့် သင်၏ ယုံကြည်ချက်နှင့် စံတန်ဖိုးများတို့နှင့် ကွဲပြားခြားနားလျှင် စိန်ခေါ်မှုက ပိုကြီးထွားမည်။

သတိပြုရန် အရေးကြီးသည်မှာ ဩစတြေးလျားသည် လောကီအခြေပြု တရားဥပဒေကို ကျင့်သုံးပြီး ၎င်းမှာ ဘာသာရေးနှင့် ဆက်နွှယ်မှု မရှိပါ။



၎င်း၏ ဆိုလိုချက်မှာ ဩစတြေးလျားသည် ဘေးကင်းလုံခြုံသော လူ့အဖွဲ့အစည်းတစ်ခုဖြစ်ပြီး၊ ၎င်းတွင်

- လူများကို တန်းတူရည်တူ ဆက်ဆံသည်
- လူများက မိမိတို့၏ လုပ်ရပ်များ နှင့် ပြုမူကျင့်ကြံမှုများအတွက် အသီးသီးတာဝန်ယူကြသည်။

# လုပ်ရန်ကိစ္စ




ဩစတြေးလျား၌ရှိသောဥပဒေများသည်၊

- သင့်နိုင်ငံ နှင့်
- သင်နေထိုင်ခဲ့ဘူးသော အခြားနိုင်ငံတို့နှင့် ကွဲပြားခြားနားနိုင်ဖွယ်ရှိပေမည်

ဩစတြေးလျားဥပဒေများသည် အခြားနိုင်ငံဥပဒေများနှင့် တူညီသလား ကွဲပြားခြားသလား ဆိုသည်ကို နောက်တစ်မျက်နှာရှိ ဇယားပုံစံ၌ အမှတ်အသားခြစ်ပြပါ။

သင်၏၊

- ယဉ်ကျေးမှု
- ယုံကြည်သက်ဝင်မှုများအား စိန်ခေါ်သည့်အချက်များကို အမှတ်အသားခြစ်ပြပါ။





ဤကိစ္စနှင့် ပတ်သက်၍ ဩစတြေးလျားဥပဒေဆိုင်ရာ လက်ကမ်းစာစောင်က သင့်ကို အထောက်အကူပြုပေးပါလိမ့်မည်။

| အောက်ပါတို့နှင့်သက်ဆိုင်ရာ ဥပဒေများ | အတူတူဖြစ်သည် | ကွာခြားသည် | ကျွန်ုပ်၏ ယဉ်ကျေးမှု နှင့် ယုံကြည်ချက်များအား စိန်ခေါ်ပြီး အခက်အခဲ ပေါ်ပေါက်စေသည် |
|---|---|---|---|
| • အစိုးရအရာရှိများအား လာဘ်ငွေပေးခြင်း | | | |
| • ရဲအဖွဲ့က ဆောင်ရွက်ရသည့်တာဝန် | | | |
| • လောကီရေး ဥပဒေများ၊ ဘာသာရေးဥပဒေများမဟုတ်ပါ | | | |
| • အိမ်အတွင်း၊ မိသားစုအတွင်း အကြမ်းဖက်မှု | | | |
| • အကြမ်းဖက်မှုကို အပြစ်ဒဏ်ပေးသည့်ပုံစံ တစ်ခုအဖြစ် အသုံးပြုခြင်း | | | |
| • အများပြည်သူရှိသည့်နေရာ များတွင် ဓားများ သို့မဟုတ် အခြားလက်နက်များ သယ်ဆောင်ခြင်း | | | |
| • လက်ထပ်ထိမ်းမြားခြင်း | | | |
| • သဘောတူညီမှု ပေးနိုင်ခွင့်ရှိသော အသက်အရွယ် | | | |
| • အရက်သေစာ နှင့် ဆေးလိပ်သောက်ခြင်း | | | |
| • မူးယစ်ဆေးဝါးများ | | | |
| • အမျိုးသမီးများအတွက် တန်းတူညီတူအခွင့်အရေး | | | |
| • ကားမောင်းခြင်း | | | |



သင် ဩစတြေးလျားရောက်လျှင်
နောက်ထပ်သိလိုသည်များ တစ်စုံတစ်ရာရှိလျှင်
ချရေးပါ။




ဥပမာ

- အရေးပေါ်အခြေအနေတွင် ခေါ်ဆိုရန်
  ဖုန်းနံပါတ်




- အနီးဆုံး ရဲစခန်း




- တရားဥပဒေနှင့် ပတ်သက်သော
  သိကောင်းစရာ အချက်အလက်များ



- ကားမောင်းခြင်းနှင့် ပတ်သက်သော
  သိကောင်းစရာ အချက်အလက်များ




- ဩစတြေးလျား ဥပဒေဘောင်အတွင်းမှ
  သင့်သားသမီးများအား
  စည်းကမ်းပေးခြင်းဆိုင်ရာ သိကောင်းစရာ
  အချက်အလက်များ တို့ဖြစ်သည်

# အခြေချခြင်းဖြင့် သက်ဆိုင်ရာ ဘဝဇာတ်လမ်းများ



ဒုက္ခသည်များသည် ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်ကတည်းက ဩစတြေးလျားတွင် အခြေချနေထိုင်ခဲ့ကြသည်။



သူတို့သည် ဩစတြေးလျားနိုင်ငံ၏

- လူ့ဘောင်လောက



- ယဉ်ကျေးမှုလောက နှင့်



- စီးပွားရေးလောကတို့တွင် အရေးပါသောကဏ္ဍမှ ပါဝင်လျက်ရှိခဲ့ကြပါသည်။



ဒုက္ခသည်တစ်ဦးစီ၌ ၎င်းတို့၏ ခရီးစဉ်နှင့် ပတ်သက်သည့် ဘဝဇာတ်လမ်းများအကြောင်းကို ပြောပြစရာ အသီးသီးရှိကြသည်။

# လုပ်ရန်ကိစ္စ



သင်၏ AUSCO သင်တန်းဆရာက သင့်ကို ပေးသော ဘဝဇာတ်လမ်းအား ဖတ်ကြည့်ပါ။



ဘဝဇာတ်လမ်းပါ ခရီးစဉ်အကြောင်းကို သင်၏ အတန်းထဲတွင် ဆွေးနွေးပြောဆိုကြပါ။



ဘဝဇာတ်လမ်းတွင်ပါသည့် ပုဂ္ဂိုလ်သည် မည်သို့သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ခဲ့ရသလဲ။



ဘဝဇာတ်လမ်းတွင်ပါသည့် ပုဂ္ဂိုလ်သည် စိန်ခေါ်မှုများကို
မည်ကဲ့သို့ ကျော်လွှားခဲ့လဲ။



ဘဝဇာတ်လမ်းတွင်ပါသည့် ပုဂ္ဂိုလ်သည်
မည်သည့်ပုံစံများအရ သင်နှင့် တူညီသလဲ။




သင်၏ အခြေချခြင်း ဘဝဇာတ်လမ်းကရော
မည်ကဲ့သို့ဖြစ်လိမ့်မည်ဟူသော သင့်ထင်မြင်ချက်ကို ချရေးပါ။

# အောင်မြင်မှု မှတ်တမ်း



သင်၏ အောင်မြင်မှု မှတ်တမ်းသည် သင် လေ့လာသင်ယူရရှိသည့်အကြောင်းကို ခြေရာကောက်နေနိုင်သော နည်းလမ်းတစ်ခုဖြစ်သည်။ သင့်အား သိသာမြင်သာဖြစ်အောင် အောက်ပါတို့က



အထောက်အကူပြုပါလိမ့်မည်။


- သင်ဘာတွေ လေ့လာတတ်မြောက်ခဲ့ပြီးပြီလဲ




- သင်ဘာတွေ ထပ်မံသင်ကြားရန် လိုသေးသလဲ



သင် လေ့လာသင်ကြားမှု၏ နောက်ဆက်တွဲရလဒ်တစ်ခုစီကို ဖတ်ရသည့်အခါ သင့်၌ မိမိကိုယ်ကိုမိမိ ယုံကြည်စိတ်ချမှု မည်မျှရှိလာသည်ကို စဉ်းစားကြည့်ရန် လိုအပ်သည်။




အကယ်၍ သင့်ထံ၌ မိမိအပေါ် မိမိ စိတ်ချယုံကြည်စိတ် အလွန်ရှိပါက၊ ကွက်လပ်ထဲတွင် ကြက်ခြေခတ် (x) ကို မှတ်သားပြုပါ



အကယ်၍သင့်အနေနှင့် အနည်းငယ်မျှသိသည် သို့သော် သင်ယူရန် များစွာလိုနေသေးသည်ဟု ယူဆထင်မှတ်လျှင် ကွက်လပ်ထဲတွင် မျဉ်းစောင်း(/)နှင့် အမှတ်အသားခြစ်ပြုပါ။

အကယ်၍သင့်အနေနှင့် ထိုလေ့လာသင်ကြားမှု၏
နောက်ဆက်တွဲရလဒ် တစ်စုံတစ်ရာကို
ဘာမျှမသိသေးဟု ယူဆထင်မှတ်လျှင် ကွက်လပ်ကို
မဖြည့်ဘဲ ချန်လှပ်ထားပါ။

သင် ကွက်လပ်တိုင်းကို အမှတ်အသားခြစ်ပြလိမ့်မည်ဟု
ကျွန်ုပ်တို့ မမျှော်လင့်ထားပါ။



AUSCO သည် မိတ်ဆက်နိဒါန်းပျိုး
အစီအစဉ်တစ်ခုဖြစ်သည်။



သင်သည် အောက်ပါတို့ ဖြစ်ပြီးနောက်ပိုင်းတွင်
လေ့လာသင်ကြားမှု၏ နောက်ဆက်တွဲရလဒ်များစွာကို
အောင်မြင်ရရှိလိမ့်မည်ဖြစ်သည်။

- ဩစတြေးလျားတွင်
ဘဝအတွေ့အကြုံရင့်ကျက်လာခြင်း



- အကျွမ်းဝင်ရေးဆိုင်ရာ
နောက်ထပ်အစီအစဉ်များကို တက်ရောက်ခြင်း

# ဩစတြေးလျားအပေါ် ခြုံငုံသုံးသပ်ချက်




| သင် | |
|---|---|
| • အင်္ဂလိပ်ဘာသာစကားသည် ဩစတြေးလျား၏ နိုင်ငံတော် ဘာသာစကားဖြစ်သည်ကို သိရှိသလား | |
| • ဩစတြေးလျားသည် ကြီးမားသော တိုက်ကြီးတစ်ခုဖြစ်ပြီး နေရာဒေသအသီးသီးတွင် ရာသီဥတုချင်း ကွဲပြားကြခြင်း နှင့် အခြေအနေများ ခြားနားကြခြင်းကို သိရှိသလား | |
| • ဩစတြေးလျား လူ့အဖွဲ့အစည်းတွင် ယဉ်ကျေးမှုပေါင်း မြောက်မြားစွာရှိသည်ကို နားလည်သလား | |
| • ဩစတြေးလျား၌ နေထိုင်ကြသူ အမြောက်အမြားသည် ပြောင်းရွှေ့ အခြေချသူများဖြစ်ကြောင်းကို နားလည်သလား | |
| • ဩစတြေးလျား အစိုးရသည် ဘာကြောင့် ဒီမိုကရေစီစနစ်ကို လိုက်နာကျင့်သုံးခြင်း၊ နိုင်ငံတော်အား စီမံအုပ်ချုပ်ပုံတွင် လူတိုင်းပါဝင် နေရာယူနိုင်ခြင်းကို နားလည်သလား | |
| • အဘော်ရီဂျီနယ်လ်(Aboriginal) နှင့် တောရဲ့စ် ရေလက်ကြား ကျွန်းသားများ (Torres Strait Islanders)များ ဩစတြေးလျားတွင် မှီတင်းနေထိုင်နေခဲ့ကြသည်မှာ နှစ်ပေါင်း 50,000 ဝန်းကျင်ရှိနေပြီဖြစ်သည်ကို သိရှိသလား | |

| သင် | |
|---|---|
| • ဩစတြေးလျား လူနေမှုဘဝအကြောင်းဆိုင်ရာ မေးခွန်းများကို မေးနိုင်ပါသလား | |
| • ဩစတြေးလျားနှင့် ပတ်သက်၍ အောက်ပါတို့၏ အမည်များကို သိသလား<br>o ပြည်နယ်များ<br>o ဒေသများ<br>o မြို့တော်များ | |
| • များပြားလှစွာသော ရွှေ့ပြောင်းအခြေချကြသော လူအုပ်ကြီးများ ရောက်ရှိလာသည့် ဩစတြေးလျား၏ သမိုင်းကြောင်းကို ပြောပြနိုင်သလား | |

| သင် | |
| --- | --- |
| • ဩစတြေးလျား၌ လူများ ပြုမူနေထိုင်ကြပုံ အမျိုးမျိုးရှိသည့်အနက် တစ်ချို့ကို အမည်ဖော်ပြနိုင်မလား | |
| • အောက်ပါတို့ကို ရှင်းပြနိုင်သလား<br>o ဩစတြေးလျားနိုင်ငံ ဒီမိုကရေစီစနစ်၏ တစ်စိတ်တစ်ဒေသအဖြစ် သင့်ထံ၌ရှိသော ရပိုင်ခွင့်များ နှင့် သင် လုပ်ဆောင်ပေးရန် လိုအပ်ချက်များ<br>o ဩစတြေးလျားတွင် ရွေးကောက်ပွဲများ အလုပ်လုပ်ပုံ | |
| • ဩစတြေးလျား၏ အဓိကနိုင်ငံရေးပါတီများ၏ အမည်များ | |
| • ဩစတြေးလျားနိုင်ငံ၏ အဓိကကျသော အများပြည်သူရုံးပိတ်ရက်များ၏ အမည်များကိုဖော်ပြပြီး ပြည်သူများက ဘာကြောင့် ထိုနေ့များအား ကျင်းပကြသည်ကို ရှင်းပြနိုင်မလား | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
| --- | --- |
| • နိုင်ငံသားဖြစ်ရန် စာမေးပွဲကို အပြီးသတ်ခြင်း | |
| • မဲဆန္ဒပေးရန် စာရင်းသွင်းခြင်း | |
| • နိုင်ငံရေးအဖွဲ့အစည်းများနှင့် ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်များ၏ အချက်အလက်များကို ရှာဖွေခြင်း | |

# အခြေချပေးရေးဆိုင်ရာ ဝန်ဆောင်မှုများ




| သင် | |
|---|---|
| • နိုင်ငံသစ်တစ်ခု၌ နေသားကျရန် အချိန်ယူရမည်ကို နားလည်သလား | |
| • သင့်အခြေချမှု၏ အစပိုင်းတွင် စိန်ခေါ်မှုများရှိမည်ကို<br>နားလည်သလား | |
| • လိုအပ်သည့်အခါ အကူအညီတောင်းခံရန်<br>မည်မျှအရေးကြီးကြောင်းကို သိသလား | |
| • အခြေချရာတွင် အထောက်အကူအဖြစ် အသုံးပြုနိုင်သော အစိုးရနှင့်<br>လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများအား သိသလား | |
| • သင့်အား ကူညီပေးရန် အမှုတွဲလုပ်သားတစ်ဦးရှိကြောင်းကို<br>နားလည်သလား | |
| • ဩစတြေးလျားရောက်သည့်အခါ သင်လုပ်ဆောင်ရမည့်<br>အရေးကြီးသောအလုပ်များအကြောင်းကို သိသလား | |

| သင် | |
|---|---|
| • ဩစတြေးလျားရောက်သည့်အခါ သင်လုပ်ဆောင်ရမည့်<br>အရေးကြီးသောအလုပ်များ၏အမည်များကို သိသလား | |
| • အောက်ပါသောသူများ လုပ်ကြသောအလုပ်များကို ရှင်းပြနိုင်သလား<br>o အမှုတွဲလုပ်သား<br>o အဆိုပြုသူများ | |

| သင် | |
|---|---|
| • အခြေချရာတွင် အထောက်အကူအဖြစ် အသုံးပြုနိုင်သော အစိုးရနှင့် လူမှုအသိုင်းအဝိုင်း အဖွဲ့အစည်းများအား ရှာဖွေနိုင်သလား | |
| • အောက်ပါကဲ့သို့သော အဖွဲ့အစည်းများကို သင်အသုံးပြုရန် သင်၏ လူမှုအသိုင်းအဝိုင်း၌ ရှာဖွေနိုင်သလား<br>o အားကစား အသင်းအဖွဲ့များ<br>o လူမှုရေး အသင်းအဖွဲ့များ တို့ဖြစ်သည် | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
|---|---|
| • ဘာသာပြန် နှင့် စကားပြန် ဝန်ဆောင်မှုများကို အသုံးပြုခြင်း | |
| • သင်ဖြည့်စွက်ရန် လိုအပ်သော ပုံစံများတွင် သင်၏ အခြေခံအချက်အလက်များကို ရေးနိုင်ခြင်း | |
| • အများပြည်သူဆိုင်ရာ သယ်ယူပို့ဆောင်ရေးစနစ်ကို အသုံးပြုခြင်း | |
| • ဘဏ်စာရင်းဖွင့်ခြင်း | |
| • စင်တာလင့်ခ် ၌ မှတ်ပုံတင် စာရင်းသွင်းခြင်း | |
| • မယ်ဒီကဲ ၌ မှတ်ပုံတင် စာရင်းသွင်းခြင်း | |
| • အင်္ဂလိပ်စာသင်တန်းအစီအစဉ်၌ အမည်စာရင်းသွင်းခြင်း တို့ဖြစ်သည် | |

## အိုးအိမ်

| သင် | |
|---|---|
| • အိမ်ရာအမျိုးအစားပေါင်း များစွာရှိခြင်းကို သိသလား | |
| • တစ်ဦးတစ်ယောက်က ပိုင်ဆိုင်သော နေအိမ်တွင် ငှားရမ်းနေထိုင်လျှင် အိမ်လခပေးရမည်ကို သိသလား | |
| • ဩစတြေးလျားနိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် အိမ်လခများ ကွဲပြားခြားနားသည်ကို သိသလား | |
| • သင် ငွေမည်မျှပေးရန် တတ်နိုင်ကြောင်းကို သိသလား | |
| • မိမိငှားရမ်းနေထိုင်သည့် နေအိမ်ကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည်ကို သိသလား | |
| • ဩစတြေးလျားရောက်သည့်အချိန်တွင် ပထမဆုံး နေထိုင်ရမည့် နေအိမ်သည် ခဏကြာအတွက်သာ ဖြစ်နိုင်ဖွယ်ရှိမည်ကို သိသလား | |
| • လူလွတ်များသည် အိမ်တစ်ခုတည်း၌ အခြားသူများနှင့် ပူးပေါင်းနေထိုင်ရဖွယ်ရှိမည်ကို သိသလား | |

| သင် | |
|---|---|
| • အိမ်ငှားရန် အိမ်ကိုရှာဖွေခြင်း နှင့် ငှားရမ်းခြင်းတို့နှင့် ပတ်သက်သော အရေးကြီးသည့်စကားလုံးများကို သုံးနှုန်းနိုင်သလား | |
| • သင် အောက်ပါတို့ကိုလုပ်ရန် လိုအပ်သော ဝန်ဆောင်မှု အဖွဲ့အစည်းအမည်များကို ဖော်ပြနိုင်မလား<br>o ချိတ်ဆက်ရန်လည်းကောင်း<br>o ကျသင့်ငွေ တောင်းခံလွှာကို ပေးရန်လည်းကောင်း | |
| • နေထိုင်ရန်နေရာ ရှာဖွေရာတွင် သင် အကူအညီရရှိနိုင်မည့် အဖွဲ့အစည်းအမည်များ | |
| • အောက်ပါတို့ကို ဖော်ပြပါ။<br>o အိမ်ငှားတစ်ယောက်အဖြစ် သင်၏ ရပိုင်ခွင့်များ နှင့်<br>o သင်ငှားရမ်းနေထိုင်သောအိမ်အား ကြည့်ရှုစောင့်ရှောက်ရန်လိုအပ်သောအရာများ တို့ကိုဖော်ပြပါ | |
| • အောက်ပါတို့ကို ဖော်ပြပါ။<br>o အိမ်ပိုင်ရှင်ထံ၌ရှိသော ရပိုင်ခွင့်များ<br>o သင်ငှားရမ်းနေထိုင်သည့် အိမ်တွင် အိမ်ပိုင်ရှင်က တာဝန်ယူလုပ်ဆောင်ပေးရမည့် ကိစ္စများတို့ကိုဖော်ပြပါ | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
|---|---|
| • သင်နေထိုင်ရန် သင့်လျော်မည့် နေအိမ်များကို ရှာနိုင်ခြင်း | |
| • သင်အိမ်ငှားနိုင်ရန်အတွက် အရေးကြီးသောပုံစံများ ဖြည့်စွက်ခြင်း | |
| • သင်ငှားရမ်းနေထိုင်မည့် အိမ်အတွက် ဝန်ဆောင်မှုများကို ချိန်ဆက်ရယူခြင်း | |

# ကျန်းမာရေး

| သင် | |
|---|---|
| • အောက်ပါအခြေအနေများတွင် ကျန်းမာရေးဆေးစစ်ခံရမှု မလုပ်မနေရ လုပ်ရမည်ကို နားလည်သလား<br>o သင် ဩစတြေးလျားကို မရောက်မီ<br>o သင် ဩစတြေးလျားကို ရောက်ပြီးနောက်ဖြစ်သည် | |
| • သင်ကလေးများအား ရောဂါ ကာကွယ်ဆေးထိုးပေးထားလျှင် ပိုကောင်းလိမ့်မည်ကို နားလည်သလား။ | |
| • တစ်ချို့ကျောင်းများက သင့် ကလေး၏ ကာကွယ်ဆေးထိုးထားသည့်မှတ်တမ်းကို ကြည့်ရန် လိုအပ်ကြကြောင်းကို သိသလား | |
| • မယ်ဒီကဲ က သင်၏ ကျန်းမာရေး စောင့်ရှောက်ပေးမှုစရိတ် ထောက်ပံ့ကူညီနိုင်သည်ကို နားလည်သလား | |
| • ကျန်းမာရေး စောင့်ရှောက်ပေးခြင်းဆိုင်ရာ ဝန်ဆောင်မှုများ အားလုံးမှာ အခမဲ့မဟုတ်ပါ။ ဥပမာ<br>o သွားဖက်ဆိုင်ရာ ကုသမှု<br>o မျက်စိဗေဒ - မျက်စိဆိုင်ရာ ကုသမှု | |
| • စိတ်ပိုင်းဆိုင်ရာကျန်းမာရေးသည် သင့်ကျန်းမာရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး အခမဲ့ ဝန်ဆောင်မှုများအား အထောက်အပံ့အဖြစ် သင်အသုံးပြုနိုင်ခြင်းကို နားလည်သလား | |
| • ဆေးကုသမှုဆိုင်ရာ စာရွက်စာတမ်းများကို သင်နှင့်အတူ ဩစတြေးလျားသို့ ယူဆောင်လာရမည်ကို သိသလား | |

| သင် | |
|---|---|
| • ဩစတြေးလျားသို့ ရောက်သည့်အခါ သင်မည်သည့်နေရာ၌ ဆေးစစ်ခံနိုင်မည့်အကြောင်းကို ရှင်းပြနိုင်သလား | |
| • မယ်ဒီကဲက ဘာကို ကူညီပေးချေနိုင်သည်ကို ရှင်းပြနိုင်သလား | |

| သင် | |
|---|---|
| • အောက်ပါတို့ကို ပြောပြနိုင်သလား<br>o အစိုးရ နှင့် ပုဂ္ဂလိက ကျန်မာရေးပိုင်း ဝန်ဆောင်မှုများအကြားရှိရာ ကွာခြားချက်များအကြောင်း<br>o ပုဂ္ဂလိက ကျန်းမာရေး အာမခံက သင့်အား မည့်ကဲ့သို့ အထောက်အကူပြုနိုင်ကြောင်းတို့ကို ပြောပြနိုင်သလား | |
| • အောက်ပါတို့ကို ရှင်းပြနိုင်သလား<br>o ကွဲပြားခြားနားသည့် ကျန်းမာရေးပိုင်း အဖွဲ့အစည်းများက ဘာတွေလုပ်ပေးသလဲ<br>o သင် ၎င်းတို့အား မည်ကဲ့သို့ ရှာဖွေပြီး မည်ကဲ့သို့ အသုံးပြုနိုင်သလဲတို့ကို ရှင်းပြနိုင်သလား | |
| • ကာကွယ်ဆေးထိုးခြင်းကဲ့သို့သော သင့်အား ကျန်းမာနေစေနိုင်သည့်အရာများကို လုပ်ရန် ဘာကြောင့်အရေးကြီးခြင်းကို ဆွေးနွေးနိုင်သလား | |
| • သင်နေထိုင်မည့် နေရာနီးနားတစ်ဝိုက်၌ သင်အသုံးပြုနိုင်သည့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး ဝန်ဆောင်မှုအဖွဲ့အစည်းများ နှင့် ဆွေးနွေးလမ်းညွှန်ပေးရာ ဝန်ဆောင်မှုအဖွဲ့အစည်းများ၏ အမည်များကို ဖော်ပြနိုင်သလား | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
|---|---|
| • ဩစတြေးလျားကို ရောက်လာပြီးနောက် ကျန်းမာရေး ဆေးစစ်မှု လိုအပ်ချက်များအားလုံး ပြီးစီးအောင် လုပ်ခြင်း | |
| • မယ်ဒီကဲ ၌ မှတ်ပုံတင် စာရင်းသွင်းခြင်း | |
| • သင်လိုအပ်သည်များကို လုပ်ကိုင်ခြင်း၊ သို့အားဖြင့် သင်နှင့် သင်၏မိသားစု ကျန်းမာကြံ့ခိုင်နေနိုင်ခြင်း | |
| • အကယ်၍သင် လိုအပ်လျှင် အရေးပေါ်ဝန်ဆောင်မှု အဖွဲ့အစည်းများအား ခေါ်ယူခြင်း | |
| • သင်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှု အဖွဲ့အစည်းများကို ရှာဖွေ၍ အသုံးပြုခြင်း | |
| • သင်၏ ကျန်းမာရေးဆိုင်ရာ လိုအပ်ချက်များကို တခြားလူများအား ပြောဆိုနည်းများဖြစ်သော၊<br>o မိမိကိုယ်တိုင် ပြောခြင်း<br>o စကားပြန်တစ်ဦး အသုံးပြု၍ ပြောခြင်း တို့ကိုလုပ်နိုင်သလား | |

# ပညာရေး

| သင် | |
|---|---|
| • AMEP က မည်သည့်ကိစ္စများအား ကူညီဆောင်ရွက်ပေးသည်ကို နားလည်သလား | |
| • သင်အောက်ပါတို့အား လုပ်လိုလျှင်၊ အင်္ဂလိပ်လိုပြောဆိုတတ်ရန် ဘာကြောင့် အရေးကြီးသည်ကို သိသလား<br>o လေ့လာသင်ကြားရန်<br>o အလုပ်ရှာဖွေရန် တို့ဖြစ်သည် | |
| • ပညာရေးစနစ်တွင် အပိုင်းနှစ်ပိုင်းရှိကြောင်းကို သိသလား<br>o ပုဂ္ဂလိက နှင့်<br>o အစိုးရ တို့ဖြစ်သည် | |
| • အစိုးရပညာရေးနှင့် ပုဂ္ဂလိက ပညာရေး ခြားနားချက်ကို သိသလား | |
| • အစိုးရကျောင်းတွင် ပညာသင်ကြားရာ၌ အခမဲ့ဖြစ်သည်ကို နားလည်သလား | |
| • သင့်ကလေး၏ ပညာရေးနှင့် ပတ်သက်လာလျှင် သင် ဘာလုပ်ရန် လိုအပ်သည်ကို သိသလား | |
| • သင် လူကြီးတစ်ဦးဖြစ်လျှင် သင် ဆက်လက်လေ့လာသင်ယူသွားနိုင်ရာ နည်းလမ်းများရှိခြင်းကို နားလည်သလား | |
| • သင်၏ အရည်အချင်းများအား အင်္ဂလိပ်ဘာသာသို့ အခမဲ့ ဘာသာပြန်ပေးခိုင်းနိုင်သည်ကို သိသလား | |

| သင် | |
|---|---|
| • ကျောင်း၊ ပညာရေး နှင့် လေ့လာသင်ကြားခြင်းတို့၏ အကြောင်းများနှင့် ပတ်သက်၍ အရေးကြီးသော ဝေါဟာရစကားလုံးများကို အသုံးပြုနိုင်သလား။ | |
| • သင်၏ ပညာရေးကို ဩစတြေးလျားတွင် သင်ကြားရသည့် ပညာရေးနှင့် နှိုင်းယှဉ်ဖော်ပြနိုင်သလား။ | |

| သင် | |
|---|---|
| • သင်ကလေးများ၏ ပညာရေးနှင့် ပတ်သက်၍ ဆုံးဖြတ်ချက်များ ချနိုင်သလား | |
| • သင် လူကြီးတစ်ဦးဖြစ်လျှင် သင် ဆက်လက်ပညာသင်ကြားနိုင်သော နည်းလမ်းများအကြောင်းကို ပြောပြနိုင်မလား | |
| • ပညာဆက်လက်သင်ကြားလိုသူများအား ပံ့ပိုးကူညီပေးနိုင်သည့် အဖွဲ့အစည်းများအမည်ကို ဖော်ပြနိုင်မလား | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
|---|---|
| • သင့်ကလေး၏ ဆရာ၊ ဆရာမနှင့် တွေ့ဆုံသည့်အခါ သင့်အား ကူညီရန် စကားပြန်ကို သုံးတတ်သလား | |
| • သင်၏ ကျွမ်းကျင်မှု စွမ်းရည်တိုးမြင့်ရန် အထောက်အကူပြုမည့် သင်တန်းများကို ရှာဖွေကာ ရွေးချယ်၍ စာရင်းသွင်းနိုင်မလား။ | |
| • သင့်နေအိမ်အနီးမှ ကျောင်းတွင် သင့်သားသမီးများကို ကျောင်းအပ်ပြီး၊ ကျောင်းက သင့်ထံမှလိုအပ်သော စာရွက်စာတမ်းများကို ဖြည့်စွက်နိုင်မလား | |
| • အကယ်၍သင့်ကလေး ကျောင်းမတက်လျှင် ၎င်း၏အကြောင်းပြချက်ကို သင့်အနေနှင့် စာဖြင့်ရှင်းပြရန် ကျောင်း၏လိုအပ်ချက်ကို နားလည်သလား | |
| • ကျောင်းပိတ်ရက်များ ဘယ်တော့ဖြစ်သည်ကို သိပြီး ကျောင်းပိတ်သည့်အခါ သင့်ကလေးများအား ထိန်းကျောင်းရမည့် နည်းလမ်းများကို သိသလား | |

# တရားဥပဒေ




| သင် | |
|---|---|
| • ဩစတြေးလျားဥပဒေအရ လူများအားလုံး တန်းတူရည်တူဖြစ်ကြောင်း နားလည်သလား | |
| • ဩစတြေးလျားဥပဒေအရ ပြည်သူများအား ပေးအပ်ထားသည့် လွတ်လပ်ခွင့်များကို နားလည်သလား | |
| • ရဲများအား<br>o လေးစားရန် လိုကြောင်း နှင့်<br>o ကြောက်ရွံ့ရန် မလိုကြောင်း နားလည်သလား | |
| • ဩစတြေးလျားဥပဒေအရ အောက်ပါတို့အား မည်သည့်ပုံစံမျိုးနှင့်မျှ လုပ်ပိုင်ခွင့်မရှိခြင်းကို နားလည်သလား<br>o အိမ်တွင်း သို့မဟုတ် မိသားစုအတွင်း အကြမ်းဖက်မှု<br>o လိင်ပိုင်းအရ ကိုယ်ထိလက်ရောက် ကျူးလွန်မှု တို့ဖြစ်သည် | |
| • သင်သည် ရဲအရာရှိများ အပါအဝင် အစိုးရအရာရှိများအား ငွေပေးခြင်း၊ တံစိုးလက်ဆောင်များပေးခြင်းကို မလုပ်နိုင်ကြောင်း နားလည်သလား | |
| • အောက်ပါကိစ္စများနှင့် ပတ်သက်၍ ဥပဒေ ပြဋ္ဌာန်းချက်များရှိကြောင်းကို သိသလား<br>o ကားပိုင်ဆိုင်မှု နှင့် ကားမောင်းခြင်း<br>o လိင်ကိစ္စရေးရာ<br>o အရက်သောက်ခြင်း<br>o ဆေးလိပ်သောက်ခြင်း<br>o အကြမ်းဖက်ခြင်း တို့ဖြစ်သည် | |
| • ဘာသာရေးဆိုင်ရာ ဥပဒေများသည် ဩစတြေးလျားနိုင်ငံ ဥပဒေများလောက် အခွင့်အာဏာမရှိခြင်းကို သိသလား | |

| သင် | |
|---|---|
| • ဩစတြေးလျားဥပဒေနှင့် ဆန့်ကျင်မှုရှိနိုင်သည့် အရာများကို အမည်ဖော်ပြနိုင်မလား | |
| • ဥပဒေရေးရာ ပြဿနာများနှင့် ပတ်သက်၍ အထောက်အပံ့ရရှိရန် သင် မည်သူ့အား ဆက်သွယ်နိုင်ကြောင်းကို သိသလား | |
| • အိမ်တွင်းအကြမ်းဖက်မှုအကြောင်း နှင့် ၎င်းနှင့်ပတ်သက်ပြီး သင်ဘာလုပ်နိုင်သည်တို့ကို ဖော်ပြနိုင်သလား | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
|---|---|
| • အကယ်၍သင် ဒုက္ခကျရောက်နေလျှင် ရဲကို ဆက်သွယ်ခြင်း | |
| • သင့်ထံ၌ ဥပဒေရေးရာ ပြဿနာတစ်ခုခုရှိလျှင် သင့်အား ကူညီပံ့ပိုးနိုင်သူတစ်ဦးဦးကို ဆက်သွယ်ခြင်း | |
| • အကယ်၍သင့်မိသားစုတွင် ပြဿနာများတက်နေလျှင် သင့်အား ကူညီပံ့ပိုးနိုင်သူတစ်ဦးဦးကို ဆက်သွယ်ခြင်း တို့ဖြစ်သည် | |

# အလုပ်အကိုင်

| သင် | |
|---|---|
| • လူအမြောက်အများက သင်လုပ်သော အလားတူအလုပ်ကိုရရှိအောင် ကြိုးပမ်းကြလိမ့်မည်ကို နားလည်သလား | |
| • သင့်ဇာတိနိုင်ငံ၌ ရရှိခဲ့သော အရည်အချင်းများကို ဩစတြေးလျားနိုင်ငံတွင် အသိအမှတ်ပြုခံနိုင်သည်ကို နားလည်သလား | |
| • အလုပ်ကို ကြိုးပမ်းရှာဖွေနေသောအခါတွင် အင်္ဂလိပ်ဘာသာစကား လေ့လာသင်ယူရန် အရေးကြီးကြောင်းကို နားလည်သလား | |
| • အောက်ပါတို့နှင့်ပတ်သက်ပြီး သင့်တော်မှုရှိကြသူများအား ဘာကြောင့် အလုပ်ခန့်သည်ကို နားလည်သလား<br>o ကျွမ်းကျင်မှုများ<br>o အရည်အချင်းများ တို့ဖြစ်သည် | |
| • အောက်ပါတို့ကို နားလည်သလား<br>o သင့်အား အလုပ်ခန့်ပြီးနောက် သင်ထံ၌ရှိသော ရပိုင်ခွင့်များ<br>o သင့်အား အလုပ်ခန့်ပြီးနောက် သင်လုပ်ကိုင်ရန်လိုအပ်သည့်အရာများ တို့ဖြစ်သည် | |
| • အောက်ပါတို့အား မည်ကဲ့သို့လုပ်သင့်သည်ကို သိသလား<br>o အလုပ်လျှောက်ခြင်း<br>o လူတွေ့မေးမြန်းသည့်အခါ၌ စကားပြောဆိုပုံ နှင့် ပြုမူပုံ တို့ဖြစ်သည် | |
| • သင်၏ အရည်အချင်းများအား အင်္ဂလိပ်ဘာသာသို့ အခမဲ့ ဘာသာပြန်ပေးခိုင်းနိုင်သည်ကို သိသလား | |

| သင် | |
|---|---|
| • အလုပ်ကို ရှာဖွေခြင်း နှင့် တွေ့ရှိခြင်းတို့နှင့်ပတ်သက်၍ အရေးကြီးသော စကားလုံးများကို သိရှိပြီး အသုံးပြုတတ်သလား | |
| • သင် အလုပ်ရနိုင်သည့် အလားအလာ ရှိခဲ့လျှင် ထိုအလားအလာကို မြင်တတ်သလား | |
| • ဩစတြေးလျား၌ အလုပ်အကိုင်ရှာဖွေတွေ့ရန် သင်လုပ်နိုင်သည်များကို စာရင်းပြုစုနိုင်သလား | |
| • သင်၏ ပြောဆိုဆက်သွယ်နည်းဟန်များကို တိုးတက်ဖွံ့ဖြိုးအောင်လုပ်ပါ၊ သို့အားဖြင့် အောက်ပါတို့အပါအဝင် အလုပ်အကိုင်ဆိုင်ရာ လူတွေ့မေးမြန်းခြင်းများ၌ ၎င်းနည်းဟန်များကို အသုံးပြုနိုင်မည်<br>o နှုတ်အရ၊ သင်ဘာပြောဆိုခြင်း<br>o နှုတ်အရမဟုတ်ဘဲ ကိုယ်ဟန်အမူအရာ နှင့်  လက်ရိပ်ခြေရိပ်များ တို့ဖြစ်သည် | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
|---|---|
| • သင်အလုပ်လျှောက်ရာတွင် သက်ဆိုင်ရာမှ ပေးသော စာရွက်စာတမ်းများအထဲတွင် သင်၏ အရေးကြီးသော အချက်အလက်များကို ရေးသားခြင်း | |
| • အောက်ပါတို့ကို ရေးနိုင်သလား<br>o ကိုယ်ရေးအကျဉ်း နှင့်<br>o စာမျက်နှာဖုံး တို့ဖြစ်သည် | |
| • အလုပ်ရှာရန် အင်တာနက်ကိုအသုံးပြုနိုင်သလား | |
| • သင့်ထံ၌ရှိပြီးသား အရည်အချင်းများကို ဩစတြေးလျား၌ အသိအမှတ်ပြုခံရန်အတွက် သင်လုပ်ရန်လိုအပ်သည်များကိုလုပ်နိုင် သလား | |

# ငွေကြေး




| သင် | |
|---|---|
| • လူအများစုသည် ဘဏ်လုပ်ငန်းဆောင်ရွက်ရာတွင် အင်တာနက်သုံးကြသည်ကို နားလည်သလား | |
| • ဩစတြေးလျား၌ နေထိုင်စရိတ်မြင့်မားသည်ကို နားလည်သလား | |
| • ကြွေးမြီမှာ ဘာအတွက်ဖြစ်သည်ကို နားလည်သလား | |
| • အကြွေး ကတ်ပြားများအား အသုံးပြုခြင်းအားဖြင့် သင်ရင်ဆိုင်ရမည့် အန္တရာယ်အလားအလာကို သိသလား | |
| • Centrelink ထံမှ မည်သည့်ပေးငွေများ ရနိုင်ဖွယ်ရှိပြီး မည်မျှဖြစ်မည်တို့ကို နားလည်သလား | |
| • ဩစတြေလျားရှိ အဓိကဘဏ်ကြီးများနှင့် ထိုဘဏ်များ မည်ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်ကြသည်ကို သိသလား | |

| သင် | |
|---|---|
| • ဩစတြေးလျားနိုင်ငံသုံးငွေများအား ဖော်ပြနိုင်သလား | |
| • သင့်လက်ရှိနိုင်ငံသုံးငွေနှင့် နှိုင်းယှဉ်ကာ ဩစတြေးလျားငွေတန်ဖိုး မည်မျှရှိသည်ကို ပြောနိုင်သလား | |
| • အိမ် နှင့် မိသားစုအတွက် တာဝန်ယူနေရာ၌ အသုံးစရိတ်များကို လျှော့ချထားရန်နည်းလမ်းများကို ဖော်ထုတ်နိုင်သလား | |
| • ငွေကြေး နှင့် ဘဏ်လုပ်ငန်းတို့ဖြင့်စပ်ဆိုင်ရာ အရေးကြီးသော ဝေါဟာရများကို သိပြီး သုံးတတ်သလား | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
|---|---|
| • ATM ကိုသုံး၍ ငွေသွင်းခြင်း နှင့် ငွေထုတ်ခြင်းတို့ကို လုပ်နိုင်သလား | |
| • ပစ္စည်းများကို ဝယ်ခြမ်းရာ၌ EFTPOS ဝန်ဆောင်မှုကို အသုံးပြုတတ်သလား | |
| • အိမ် နှင့် မိသားစုအတွက် ရငွေ၊ သုံးငွေကို တွက်ချက်လျာထားတတ်သလား | |

# ခရီးသွားခြင်း



| သင် | |
|---|---|
| • ဩစတြေးလျားသို့ လေကြောင်းခရီးစဉ်မှာ အလွန်ကြာမြင့်၍ သင် တစ်နေရာရာ၌ တစ်ထောက်နားရဖွယ်ရှိမည်ကို နားလည်သလား | |
| • လေယာဉ်ပေါ်၌ မည်သည့်ဝန်ဆောင်မှုများအား သင်ရရှိမည်ကို နားလည်သလား | |
| • ဩစတြေးလျားသို့ရောက်သောအခါ၌ တစ်စုံတစ်ဦးက သင့်အား လေဆိပ်တွင် လာကြိုလိမ့်မည်ကို နားလည်သလား | |
| • ဩစတြေးလျားသို့ ဘာပစ္စည်းများအား သင်နှင့်အတူ ယူသွားနိုင်သည်ကို သိသလား | |
| • ဩစတြေးလျားသို့ ဘာပစ္စည်းများအား သင်နှင့်အတူ မယူသွားနိုင်သည်ကို သိသလား | |

| သင် | |
|---|---|
| • ခရီးသွားစာရွက်စာတမ်းများတွင်ပါရှိသော အချက်အလက်များကို နားလည်သလား | |
| • အောက်ပါတို့အပါအဝင် သင့်လေကြောင်းခရီးစဉ်အသေးစိတ်ကို ဖော်ပြနိုင်သလား<br>o လေကြောင်းခရီးစဉ်နံပါတ်<br>o ထွက်ခွာချိန် - လေယာဉ်စတင်ပျံသန်းချိန် တို့ဖြစ်သည် | |
| • လေယာဉ်ပေါ်မတက်မီ လေဆိပ်၌ အောက်ပါတို့အပါအဝင်ဖြစ်သော သင်လုပ်ဆောင်ရမည့် လိုအပ်ချက်များကို ဖော်ပြနိုင်သလား<br>o အမည်စာရင်းသွင်းခြင်း<br>o လုံခြုံရေး နှင့်<br>o လူဝင်မှုကြီးကြပ်ရေးဌာန၏ ပြည်ဝင်ခွင့် ခွင့်ပြုချက်ရခြင်း တို့ဖြစ်သည် | |
| • လေယာဉ်ပေါ်မှဆင်းပြီးနောက် လေဆိပ်၌ အောက်ပါတို့အပါအဝင်ဖြစ်သော သင်လုပ်ဆောင်ရန် လိုအပ်ချက်များကို ဖော်ပြနိုင်သလား<br>o လူဝင်မှု ခွင့်ပြုချက်ရခြင်း<br>o သင့်ခရီးဆောင်အိတ်များအား ကောက်ယူခြင်း<br>o ရောဂါကူးစက်မှု ထိန်းချုပ်ရေးဌာနကို ဖြတ်သန်းခြင်း တို့ဖြစ်သည် | |

| သင် အောက်ပါတို့ကို လုပ်နိုင်ပါသလား | |
| --- | --- |
| • ဩစတြေးလျားသို့ ဝင်ရောက်လာသည့် ခရီးသည် ကတ်ပြားကို ဖြည့်စွက်ခြင်း | |
| • အောက်ပါ အဖွဲ့အစည်းတို့၏ စံတန်ဖိုးများနှင့် ကိုက်ညီအောင် ခရီးဆောင်အိတ်များကို ထုတ်ပိုးခြင်း<br>o သင်ပျံသန်းနေသော လေယာဉ်ကုမ္ပဏီ<br>o သင်ဖြတ်သန်းသွားနေသော လေဆိပ်များ<br>o ဩစတြေးလျား အကောက်ခွန်ဌာန နှင့် ရောဂါကူးစက်မှုကို ထိန်းချုပ်ရေးဌာနတို့ဖြစ်သည် | |

မှတ်စုများ

နောက်ထပ် သိကောင်းစရာ အချက်အလက်များအတွက် ကျေးဇူးပြု၍
**AUSCO@dss.gov.au** ၌ ဆက်သွယ်ပါ